## လူ့ပုံလူ့နည်းနှင့် ကထိန်ရေစက်ချတရား

⌑ ⌑ ⌑ ⌑ ⌑ ⌑ ⌑ ⌑ ⌑

ဗုဒ္ဓဘာသာမှန်က သာရေး၊ နာရေးနှင့် တကွ နှစ်စဉ်, နှစ်စဉ် စုပေါင်း မဟာကထိန်ပွဲ ခင်းကျင်း လှူဒါန်း ပူဇော် လေ့ရှိကြ၏။

ထိုသို့ လှူဒါန်းပူဇော်မှု ကိစ္စအဝဝတွင် ဗုဒ္ဓ မြတ်စွာ၏ သာသနာအတွင်း ဖြစ်သည်နှင့်အညီ သစ္စာသိမှု, သစ္စာမသိမှု ဖြစ်သည့် အကျိုးဂုဏ်တို့ကို ရှင်းလင်း ပြတ်သား သိရှိကြခြင်းဖြင့် လှူဒါန်းပေးကမ်း ခြင်းသည် .....

အလှူရှင်များအဖို့ အထူးအရေးကြီးလှသည်ကို ဆရာတော်ကြီး၏ စေတနာ၊ မေတ္တာ၊ ဂရုဏာ ရေးရှု၍ ဟောကြားထားသည့် (လူ့ပုံလူ့နည်းနှင့် ကထိန် ရေစက်ချ တရားတော်) ၂, ပုဒ်ကို စာအုပ်အမှတ်စဉ် (၆)မှ သီးသန့် ခွဲထုတ် ပုံနှိပ် ဖြန့်ဖြူးထုတ်ဝေခြင်း ဖြစ်ပါသည်။

**မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်**

**လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။**

# နိဒါန်း

## (နမော ဗုဒ္ဓါယ သိဒ္ဓမ်)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါများအား သနားတော်မူသဖြင့် ဘဝပေါင်းများစွာ ဘုရားအဖြစ်ကို တောင့်တ၍ ဒါနပါရမီ အစရှိသော ပါရမီများကို ဆည်းပူးဖြည့်ဆည်းတော်မူခဲ့လေသည်။

အဘယ်ကြောင့်နည်း အလောင်းတော်ဘဝ သုမေဓာရှင်ရသေ့ ဖြစ်စဉ်အခါ၌ မိမိသည် နိဗ္ဗာန်သို့ ကူးမြောက်နိုင်ခြင်းကို သိခဲ့ပါသော်လည်း ငါ တစ်ယောက်တည်း မိမိဘဝအတွက် အလွတ်ရုန်း၍ နိဗ္ဗာန်ကူးသော် အားလုံးသတ္တဝါတွေ သံသရာထဲ အတိဒုက္ခဖြင့် မျောကြလိမ့်မည်။ ကယ်တင်နိုင်သရွေ့ ကယ်မ,တော်မူမည်ဟု မဟာဂရုဏာတော် ရှေ့ထားခဲ့ခြင်း ဖြစ်သည်။

များကို ရမ်းသမ်းမှန်း၍ မိမိကိုယ်မိမိ အထင်ကြီးနေမည်ကို စိုးရိမ်တော်မူသည့်အတွက် သစ္စာသိဖို့ရန် ဆုံးမစကား ဟောကြားတော်မူခဲ့သည်။

ဒါနအပြားကိုလည်း ' ဝဋ္ဋဒါန ' ' ဝိဝဋ္ဋဒါန ' ဟူ၍ အလွယ်ဆုံးအသိ အမြန်ဆုံးနည်းဖြင့် ခွဲခြား၍ ဟောကြားတော်မူသည်။

' ဝဋ္ဋဒါန ' သည် သံသရာလည်သောဒါန၊ ' ဝိဝဋ္ဋဒါန ' သည် သံသရာပြတ်၍ နိဗ္ဗာန်, မဂ်ဖိုလ်ကို အမြန်ဆုံး ရောက်စေသည်။ ထို့ကြောင့် ' ဝဋ္ဋဒါန ' ဖြစ်မှာကိုစိုးရိမ်တော်မူခဲ့လေသည်။

မလှူတတ် မတန်းတတ်လျှင် ' ဝဋ္ဋဒါန ' ဖြစ်၍၊ ၄င်း ' ဝဋ္ဋဒါန ' သည် ကံပြတ်စေခြင်းမဟုတ်၊ ကံအကျိုးကိုသာ ဆက်သည်။ ကံအကျိုးဆက်သည်နှင့်အမျှ ခန္ဓာငါးပါးရ၍ သံသရာကျင်လည်လျက် ဒုက္ခသစ္စာများနှင့် နေရပေမည်။

ဗုဒ္ဓဘာသာဆိုသော်လည်း သစ္စာမသိမူ၍ ကုသိုလ်အလုပ်တွေ ပြုတတ်ကြသည်။ ကုသိုလ်နှင့် တဏှာ ရောနေသည်။ ကုသိုလ်ပြုလုပ်ခြင်းသည် ကုသိုလ်၊ လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်စေချင်သည်မှာ တဏှာဖြစ်ပေသောကြောင့် အလှူလည်း လှူရသေး၏။ မသိမှု အဝိဇ္ဇာအုပ်ချုပ်၍ လှူသည့်အတွက်ကြောင့် ကုသိုလ် သင်္ခါရပြုသကဲ့သို့ ဖြစ်သဖြင့် သစ္စာလေးပါး မသိမှု

(ကန့်ကွက်ပါတယ်) ကန့်ကွက်ရတယ်၊ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက ..... (သင်္ခါရပါဘုရား)။

ပြုလုပ်လှူဒါန်းတာ သင်္ခါရ ..... (မှန်ပါ) ဒီအတိုင်း သူ အုပ်ချုပ်ပြီး လှူတဲ့သင်္ခါရသည် ဒကာကြွယ် ၂ – နံပါတ်ရမယ်..... (ရပါတယ်ဘုရား) ၂ – နံပါတ် ဘာသစ္စာလဲ ..... (ဒုက္ခသစ္စာပါ ဘုရား)။

ကြည့်ပါ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဒုက္ခသစ္စာ ..... (မှန်လှပါဘုရား) ရှင်းပလား ..... (ရှင်းပါပြီ ဘုရား)။

တကာတကာမတွေကိုယ့်စာရွက်လဲကိုယ်သေသေချာချာ ကြည့်ပါ..... (မှန်လှပါဘုရား) ဒီက ဘုန်းကြီးပြတာနဲ့ ခင့်ဗျားတို့ စာရွက်ကြည့်တော့ တစ်ဆက်တည်း မနေဘူးလား ..... (နေပါ တယ်ဘုရား)။

မသိတာ ဘယ်သူတုံး...... (အဝိဇ္ဇာပါဘုရား) လှူဒါန်းတာ က ..... (သင်္ခါရပါဘုရား) ဒါဖြင့် ဘာသစ္စာလဲ ..... (သမုဒယ သစ္စာပါဘုရား) ဟော ခင်ဗျားတို့ လုပ်တာကိုက သမုဒယသစ္စာ ဖြစ်တယ် ..... (မှန်ပါ) ရှင်းပလား ..... (ရှင်းပါပြီ)။

အဲဒီတော့ ဒီသမုဒယသစ္စာသေသည်၏ အခြားမဲ့၌ ဒီက အကျိုးပေးလိုက်မယ်တဲ့၊ အဝိဇ္ဇာသင်္ခါရက မြှားပြတယ် .....

ကဲ ..... ဒါဖြင့် အလှူရှင် ဒုက္ခမရောက်အောင် ဘယ့်နှယ် လုပ်မတုံးဆိုတော့ ဦးသန်းမောင် ခန္ဓာစိုက်လိုက် ..... (မှန်ပါ့) ခန္ဓာဉာဏ်နဲ့ စိုက်လိုက်တော့ ဘာတွေ တွေ့သလဲ ..... (ဒုက္ခသစ္စာ တွေ တွေ့ပါတယ်ဘုရား)။

ဟင် ..... အဲဒီထဲ ဒုက္ခသစ္စာတွေ တွေ့တော့ ရှိတာက ဒုက္ခ သစ္စာ၊ တွေ့တဲ့ဉာဏ်က မဂ္ဂသစ္စာ ..... (မှန်ပါ) ကိုယ့်ကိုယ်တိုင် တွေ့တာကိုး ..... (မှန်ပါ့ဘုရား) တွေ့တဲ့ ဉာဏ်က ဘာသစ္စာတုံး ..... (မဂ္ဂသစ္စာပါဘုရား)။

အဲဒီ မဂ္ဂသစ္စာနဲ့ လောကီမဂ္ဂသစ္စာ ဖြစ်ပြီး သကာလနေ တော့ တကာတကာမတို့ ကိုယ်တိုင်မြင်တဲ့ ဒီဒုက္ခကြီးမှ ကျွတ်ခြင်း, လွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏ ..... (မှန်ပါ့ဘုရား) ရှင်းပလား ..... (ရှင်းပါပြီဘုရား)။

ကိုယ်တိုင်မြင်တဲ့ ဒုက္ခသစ္စာကြီးမှ ..... (ကျွတ်ခြင်း, လွတ်ခြင်းကို အလိုရှိ၍ လှူ ဒါန်းပါ၏) လှူဒါန်းပါ၏ ဆိုပြီး သံဃာ့ လက်ရောက်အောင် ဒကာကြွယ် လှူလိုက်တာပေါ့ ..... (မှန်ပါ့ဘုရား) ဘုရားကျောင်းဆောက်လဲ ဘုရားလှူလိုက်တာပေါ့ ..... (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဒုက္ခကြောက်လို့ လှူတဲ့အလှူ ..... (မှန်ပါ့ ဘုရား) ဒုက္ခစက်ဆုပ်လို့ ..... (လှူတဲ့ အလှူပါဘုရား) ဒါဖြင့်

အဲ .... ရူဥသောတာပန် ဖြစ်သွားတော့မှ တကာ တကာမတွေက လှူလိုက်, တန်းလိုက်, ပေးလိုက်, ကမ်းလိုက်တော့ ဘယ်သူက လှူတာတုံးမေးရင် ရူဥသောတာပန်က လှူတာ (မှန်လှပါဘုရား) ရှင်းပလား ..... (ရှင်းပါပြီဘုရား) ဘယ်သူက လှူတာပါလိမ့် ..... ( ရူဥသောတာပန်ကလှူတာပါဘုရား)။

ရူဥသောတာပန်ဆိုတော့ အင်း ..... သာမည ပုဂ္ဂိုလ်လား ..... သစ္စာသိတဲ့ ပုဂ္ဂိုလ်လား ..... (သစ္စာသိတဲ့ ပုဂ္ဂိုလ်ပါဘုရား) အင်း ..... ဟင် ..... တကာတကာမတို့ ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး ..... (ဒုက္ခသစ္စာပါဘုရား) သိလုံးကလေး ..... (မဂ္ဂသစ္စာပါဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်က ဒုက္ခသစ္စာ၊ သိလုံးကလေးက မဂ္ဂသစ္စာဆိုတာ ကိုယ်ကိုယ်တိုင် သိနေတော့ ဒီဒုက္ခဝဋ်ကြီးကို တပည့်တော်ကိုယ်တိုင် သိပြီဆိုတော့ မဂ်နဲ့သိပြီ ..... (မှန်လှပါဘုရား) ဒီဒုက္ခဝဋ်မှ ကျွတ်လိုလို့ ဒုက္ခဝဋ်ကျွတ်ရာကိုသာ ရည်မှန်း၍ လှူဒါန်းပေးကမ်းပါ၏ ဆိုတော့ တကာတကာမတို့ သစ္စာသိပြီး လှူတာ ..... (မှန်လှပါဘုရား) ဒုက္ခသစ္စာသိပြီး လှူလိုက်တယ် ..... (မှန်ပါဘုရား)။

ဒုက္ခသစ္စာကို မလိုချင်, မရချင်လို့ ..... (လှူပါတယ်ဘုရား) လှူလိုက်တဲ့ အခါကျတော့ကို ဒုက္ခသစ္စာမရတော့ နိရောဓသစ္စာပဲ

ဒါဖြင့် နှလုံးသွင်းလိုက် ဒီသက်န်း မကပ်ခင်၊ ဩော် ..... ဒီဒုက္ခသစ္စာ ဝိပါကဝဋ်မှ ဒါ ..... ဝိပါကဝဋ်လို့ ခေါ်တယ် ..... (မှန်ပါ) ဒုက္ခသစ္စာ ဝိပါကဝဋ်မှ တပည့်တော်တို့ မျက်မြင်အားဖြင့် ကျွတ်လိုပါတယ်ဘုရား..... (မှန်ပါဘုရား) ဉာဏ်မြင် အားဖြင့်လဲ ကျွတ်လိုပါတယ်ဘုရား ..... ဆိုတော့ သစ္စာမြင်တဲ့ ဉာဏ်သည် ဝိပဿနာဉာဏ်ပဲ ..... (မှန်လှပါဘုရား)။

ဖြစ်ပျက်ဟာလဲဒုက္ခသစ္စာပဲ ..... (မှန်ပါ) ဖြစ်ပျက်, မြင်လဲ ဝိပဿနာဉာဏ်ပဲ၊ဖြစ်ပျက်မြင်လဲ သစ္စာမြင်တဲ့ဉာဏ်ပဲလို့ ဋီကာ ဆရာများလဲ ပြပါတယ် ..... (မှန်လှပါဘုရား)။

ဒါကြောင့်တကာတကာမတွေ..... ယခုခဏ သစ္စာမြင်တဲ့ ဉာဏ်ကလေး ဘုန်းကြီးက ဦးတည့်ခိုင်းရမယ်၊ ခန္ဓာဦးတည့်ရမယ်နော် ..... (မှန်လှပါ) သစ္စာမြင်တဲ့ ဉာဏ်နဲ့ ခန္ဓာ ဦးတည့်လိုက်တော့ကို ဘုရားက ဘယ်လိုဟောပါလိမ့်မတုံးဆိုတော့ အဋ္ဌကထာ နိပါတ်အင်္ဂုတ္တိုရ်ကျတော့ 'စိတ္တာလင်္ကာရ စိတ္တပရိက္ခာရမေဝ ဒါနံ သေဋ္ဌ' တဲ့ ..... (မှန်ပါ)။

စိတ္တာလင်္ကာရ စိတ္တပရိက္ခာရဆိုတာ တခြားမဟုတ်ပါဘူး၊ သမထ ဝိပဿနာ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရမေဝ ဒါနံ - သမထဝိပဿနာခြံရံပြီး ပေးလှူခြင်းသည်။ သေဋ္ဌ၊ အမြတ်ဆုံးလို့ ငါဟောသကွ ..... တဲ့ ..... (မှန်လှပါဘုရား)။

ဉာဏ်အမြင်နဲ့ ရောက်အောင် ဝင့်ကြီးရွံမုန်းပြီး လှူတဲ့အလှူဖြစ်သောကြောင့် ဝိဝဋ္ဋ ဖြစ်လေသောကြောင့်လဲ တကာတကာမတို့ ပစ္စည်းလိုရင်း မဟုတ်ဘူး၊ စိတ်ထားမွန်မြတ်ဖို့ လိုရင်းပါပဲ ..... (မှန်ပါဘုရား) ရှင်းကြပလား ..... (ရှင်းပါပြီဘုရား)။

အင်း ..... တကာတကာမတွေ ခန္ဓာကိုယ်ကြီးရေ့ဘယ်စခန်းနဲ့ဘယ်လမ်းများမြန်းကြဦးမယ်ဆိုတာလဲ ခန္ဓာက သွားလျက်ကိုးဗျ ..... (မှန်လှပါဘုရား) အင်း ..... ခန္ဓာကြီးက ယခုအခါ အိုလမ်းကနေပြီး နာလမ်းကိုဖြင့် အရောက် ပြေးနေကြပြီ ..... (မှန်လှပါဘုရား)။

တကာတကာမတို့ အခု အိုလမ်းကနေပြီး ဘယ်လမ်းကို သွားနေကြသတုံး ..... (နာလမ်း သွားနေပါတယ်ဘုရား) တားပါလားဗျ .....(မရပါဘုရား) ဘာရမတုံး..... အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ လုပ်ခဲ့တာကိုး ..... (မှန်လှပါဘုရား) အဝိဇ္ဇာပစ္စယာ ..... (ပုညာဘိသင်္ခါရ လုပ်ခဲ့ပါတယ်ဘုရား)။

အဲဒီတော့ ပုညာဘိသင်္ခါရာ အထက်နားက အုပ်ချုပ်နေတာက အဝိဇ္ဇာပစ္စယာ ..... (မှန်လှပါ) သြော် ..... မသိလှူ, လှူခဲ့တယ် ..... (မှန်လှပါဘုရား) ဘယ့်နယ်ဆိုပါ့မလဲ ..... (မသိလှူ, လှူခဲ့ပါတယ်ဘုရား)။

**ဆဋ္ဌမအကြိမ်**

အဲဒါ အဝိဇ္ဇာပစ္စယာပဲ ..... (မှန်ပါ) သန့်တာက သင်္ခါရ ..... (မှန်ပါဘုရား) မိုက်ချက်က ..... (အဝိဇ္ဇာ.ပစ္စယာပါဘုရား) အဝိဇ္ဇာရှိလျက်နဲ့ တစ်ခါတည်း လူချမ်းသာ, နတ်ချမ်းသာ ထင်ပြီး လုပ်လိုက်တော့ကို မိုက်ချက်သန့်တာ ..... (မှန်ပါဘုရား) ရှင်းပလား ..... (ရှင်းပါပြီ) ဘာဖြစ်ကြသလဲ ..... (မိုက်ချက်သန့်တာပါဘုရား) ရှေ့ကို ဆက်မိုက်ချင်သေးလား ...... (မမိုက်ချင်ပါဘုရား)။

ကိုင်း ..... ဒါဖြင့် ဒီဘဝ ဇာတ်သိမ်းငြိမ်းရအောင် လုပ်ကြပါစို့နော် ..... (မှန်လှပါဘုရား) ခုနကလဲ သမထ ဝိပဿနာ ခြံရုံပြီး ဖြစ်ပါတယ် ..... (မှန်ပါ)။

ကိုင်း ..... ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အလှူသည်တဲ့ အိုခြင်းဆိုး ထမ်းပြီး နာပွဲမန္တဲချင်လို့ လှူတဲ့ အလှူ ..... (မှန်ပါ) အိုခြင်းဆိုးလဲမထမ်းချင်ပါဘူး ..... (မှန်ပါ) နာပွဲလဲ မန္တဲချင်ပါဘူး ..... (မှန်ပါ) ဘာတဲ့ ..... (အိုခြင်းဆိုးလဲ မထမ်းချင်ပါ၊ နာပွဲလဲ မန္တဲချင်ပါဘုရား)။

နာနာကလေးပြောမှ ဦးသန်းမောင်တို့က နားလည်တာ ..... (မှန်လှပါဘုရား) လျှော့လျှော့ကလေး ပြောနေလို့ ရှိရင် ခင်ဗျားတို့က အင်း ..... တော်သေးရဲ့လား လာချင်လာတာ၊ ဒီ အခြေအနေကလေးနဲ့ ကိုယ့်တိုက်၊ ကိုယ့်တာ၊ ကိုယ့်ရွှေ၊ ကိုယ့်ကား

သံဃာတော် ရည်မှတ်၍ တပည့်တော်တို့၊ ပုထုဇဉ် သံဃာပင် ဖြစ်လင့်ကစား အရိယာမျိုးစေ့တွေမှန်း သိသောကြောင့် တပည့်တော်တို့ လှူဒါန်းပါတယ် ..... (မှန်လှပါဘုရား)။

အရိယာမျိုးစေ့တွေ ..... (မှန်ပါ) ဒီသံဃာတော်တွေ မေးကြည့်တော့ အရှင်ဘုရားတို့ အရိယာလားဆိုတော့ သူတို့ တာဝန်မခံဘူး ..... (မှန်လှပါဘုရား) မျိုးစေ့လားဘုရားဆိုတော့ တာဝန်ခံရမယ်၊ မျိုးစေ့တွေပဲ ..... (မှန်လှပါဘုရား)။

ဒါဖြင့် အရိယာမျိုးစေ့ကလေးတွေ ဖြစ်ပါတယ်လို့ အဋ္ဌကထာဆရာကလဲ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ အသေအချာ ဖွင့်ပါတယ် ..... (မှန်ပါဘုရား)။

တဒဟုပဗ္ဗဇိတသာမဏေရဿပိ ..... တဲ့၊ ယနေ့ရှင်ပြုတဲ့ သာမဏေကလေးကစ၍ ဆဋ္ဌင်္ဂသမန္နာဂတံဟောတိ ..... ယနေ့ ပြုလို့ သာမဏေကလေး လှူတာတောင် အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတဲ့အလှူဒါန ဖြစ်ပါတယ် ..... (မှန်ပါဘုရား)။

သော ဟိ သောတာပတ္တိမဂ္ဂနေဝ ပဋိပဇ္ဇနကော ..... တဲ့၊ သူလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရချင်လို့ သာမဏေလုပ်လာတာတဲ့ ..... (မှန်ပါဘုရား)။

သူလုပ်လာတာလဲ ရိုးရိုးလုပ်လာတာ မဟုတ်ပါဘူးတဲ့ ..... (မှန်ပါ) ကြည့်ပါလား ကိုရင်ကလေး သင်္ကန်းတောင်းတော့

အဲဒါကြောင့် ဒီလိုဆိုလို့ရှိရင်ဖြင့် ..... တဲ့၊ ခင်ဗျားတို့ကလဲ အရိယာအလှူ ဖြစ်လေသောကြောင့် သံဃေဒိန္န မဟပ္ဖလံ ..... (မှန်ပါ့) အရိယာသံဃာမျိုးစေ့ကို လှူ ..... (မှန်ပါ့ဘုရား) သံဃာထဲမှာ ရိုးရိုးသံဃာလား၊ အရိယာမျိုးစေ့သံဃာတွေလား ကြည့်ပါဦး ..... (အရိယာမျိုးစေ့တွေပါဘုရား)။

ဟော ..... ဆရာတော်တွေမေးကြည့်၊ ဒီသိမ်ထဲမှာပဲ 'သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ' ဆိုပြီး သံသရာမှ လွတ်မြောက်ချင်ပါတယ်ဘုရား၊ ပထမ သံသရာက စ, ပြီး မထွက်မြောက်ရင်လဲ ဒုတိယ သံသရာမှ ထွက်မြောက်နိုင်ပါ့မလား ..... (မထွက်မြောက်နိုင်ပါဘုရား)။

အဲဒီတော့ ပထမသံသရာမှ ထွက်မြောက်တာက သောတာပတ္တိမဂ် ..... (မှန်ပါဘုရား) အပါယ်သံသရာမှ ထွက်မြောက်တာကိုး ..... (မှန်ပါဘုရား) ရိပ်မိပြီ ..... (ရိပ်မိပါပြီဘုရား)။

အဲဒါတွေ သိတော့မှ ဩော် ..... ဒီနေ့ အလှူပွဲလား၊ အရိယာမျိုးစေ့ကို မြေတောင်မြှောက်ပွဲလားဆိုရင် ဘယ့်နယ် ဖြေကြမလဲ ..... (အရိယာမျိုးစေ့ကို မြေတောင်မြှောက်ပွဲပါဘုရား)။

ဩော် ..... တကာတကာမတို့ ကောင်းလိုက်တဲ့ ဖြစ်ခြင်း ..... (မှန်ပါဘုရား) ကောင်းလိုက်တဲ့ဖြစ်ခြင်း၊ ဒီအသီးဒီအပွင့်

ရမယ်ထင်သလဲ ..... (မရေတွက်နိုင်ပါဘုရား) ဘာဖြစ်လို့တုံး ..... (အလွန်များလွန်းလို့ပါဘုရား)။

အဲ ..... အလှူခံပုဂ္ဂိုလ်ဘက်ကလဲ ဤသုံးချက်နဲ့ အလှူခံလို့ ..... အလှူပေးပုဂ္ဂိုလ်ကလဲ သုံးချက်ညီတဲ့ စေတနာနဲ့ လှူလိုက်မယ်ဆိုရင်ဖြင့် မရေတွက်နိုင်တဲ့ အကျိုးပေးဟာဖြင့် ခင်ဗျားတို့ ဧကန်ရ, တကယ်ရလို့ မှတ်လိုက်ပါ ..... (မှန်လှပါဘုရား) 'ဆဠင်္ဂ သမန္နာဂတံ' ဆိုတာ ဒါပါပဲ ..... (မှန်ပါဘုရား)။

ဒီအထဲမှာ ဘုန်းကြီးက တကာတကာမတွေ မြင့်သထက်မြင့်၊ မြတ်သထက်မြတ်အောင် ဆိုပြီးသကာလ ခင်ဗျားတို့ ဥပမာ ဆရာဘုန်းကြီးတော့ ဝိုင်းပြီး ကြည်ညိုကြတယ် ..... (မှန်ပါဘုရား) ဒီကိုယ်တော်တွေကျတော့ မြင်ဖူးတဲ့ ပုဂ္ဂိုလ်လဲ မြင်ဖူးကြတယ်၊ မမြင်ဖူးတဲ့ ပုဂ္ဂိုလ်ကလဲ များကြတယ် ..... (မှန်ပါဘုရား)။

အင်း ..... ဟင်, ဒီလှူဖွယ်ဝတ္ထုတွေဟာ တို့ ဆရာဘုန်းကြီးဖြင့် လှူမှပဲ, တန်းမှပဲဆိုပြီးသကာလ ရှေးဦးစွာတော့ ဆရာဟူသော အမှတ်နဲ့ ခင်မင်မှုဟူသော စိတ်ထားကလေးနဲ့ တော့ ခင်ဗျားတို့ ပါချင်ပါကြပါလိမ့်မယ် ..... (ပါကြပါတယ်ဘုရား)။

**ဆဋ္ဌမအကြိမ်**

ဟာ ..... ဒါဖြင့် ရှေ့ဘယ်သွားကြမှာတုံး၊ အိုခြင်းဆင်းရဲဘက်သွားမယ် ..... (မှန်ပါဘုရား) ပြီးတော့ နာဆင်းရဲ၊ ပြီးတော့ သေဆင်းရဲ ..... (မှန်ပါဘုရား) ပြီးတော့ တစ်ဖန်ပဋိသန္ဓေနေတယ် ..... (မှန်ပါ) ဪ ..... ဆင်းရဲစက်ရဟတ် မပြတ်လည်နေပါကလား ..... (မှန်ပါဘုရား) ဘယ်လိုဆိုကြမယ် ..... (ဆင်းရဲစက်ရဟတ် မပြတ်လည်နေပါတယ်ဘုရား)။

အဲဒီ သံသရာကြီးကို ..... တဲ့၊ တကာတကာမတို့ ဆင်းရဲဒုက္ခမြင်တဲ့ မဂ်မဝင်သရွေ့ ကာလပတ်လုံး သူ မရပ်တော့ဘူး ..... (မှန်လှပါဘုရား) သံသရာထဲ ဒိုင်းဒိုင်းပြေး လည်နေမှာပဲ ..... (မှန်ပါဘုရား) သဘောကျပလား ..... (ကျပါပြီဘုရား) ဒါကြောင့် .....

သံသာရဘယံ၊ ခြားရဟတ်ပမာ ချာချာပတ်၍ တစ်ဖြစ်တည်း ဖြစ်နေသော သံသရာဘေးကြီးကို။ အဘိဘာယိတွာ၊ အလွန်တရာ ကြောက်ကြပါကုန်သည်ဖြစ်၍။ တတော၊ ထိုသံသရာ ဘေးဘယမှ။ မုတ္တာ၊ လွတ်ကြရကုန်သည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မကြာမတင် ဆောလျင်ကူးမြောက် အပေါက်အရောက်၍ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ။ ဉာဏစက္ခုနာ၊ ဉာဏ်ပညာ

ဆဋ္ဌမအကြိမ်

